N. R.—38.

Received
in the office of the
........................
Date 7.12.51
No. ........
Initials

# The Burma Gazette

48 ] RANGOON, SATURDAY, DECEMBER 1, 1951. [ Vol. IV

Separate paging is given to this Part in order that it may be filed as a separate compilation.

CONTENTS

—Notifications by the Government of the Union of Burma.
A.—Notifications by State Governments.
—Notifications by Union Bank of Burma, Railways Board ... Auditor-General, Burma.
...cts and Bills of the Parliament of the Union of Burma ...
I-A.—Acts and Bills of the State Council.—*Nil.*
.—Notifications by the Government of the Union of Burma ...ing to non-gazetted officers and notifications by the High Court, Heads of Departments, etc., of the Government of the Union of Burma.
PART IV-A.—Notifications by State Governments relating to non-gazetted officers and notifications by Heads of Departments of State Governments.
PART V.—Advertisements.
SUPPLEMENT: *Official Papers.*—Resolutions, Press Communiqués, Circulars, Crop Reports, Vital Statistics, etc.
EXTRA SUPPLEMENT.—Draft Rules, Notifications and Bye-laws.

## PART I.

### Notifications by the Government of the Union of Burma.

### သမတအိမ်တော်။

သမတအိမ်တော်၊ ရန်ကုန်မြို့။
၁၃၁၃ ခု၊ တန်းဆောင်မုန်းလဆုတ် ၀ ရက်။
(၁၉၅၁ ခု၊ နိုဝင်ဘာလ ၁၄ ရက်။)

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ အောက်ဖော်ပြပါ အက်ဥပဒေကို ထုတ်ပြန် ကြေညာသည်။

## ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေး နှင့်မြို့ရွာစည်ပင်ရေးအဖွဲ့အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၃။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

### အခန်း ၁။

#### အချီး။

အမည်။

၁။ (၁) ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ အက်ဥပဒေ ဟုခေါ်ရမည်။

စတင် အာဏာတည် သည့်နေ့။

(၂) ဤအက်ဥပဒေသည် နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာထုတ် ပြန်၍ သတ်မှတ်သည့်နေ့တွင်အာဏာတည်ရမည်။

အဓိပ္ပါယ်ဖော်ပြချက်။

၂။ ဤအက်ဥပဒေတွင်၊ အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ ဆန့်ကျင်လျှင်—

(က) "အဖွဲ့" ဆိုသည်မှာ၊ ဤအက်ဥပဒေအရ ဖွဲ့စည်းထားသည့် နိုင်ငံတော်ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေး အဖွဲ့ကိုဆိုလိုသည်။

[illegible]ရည်ညွှန်းသည်မှာ ပုဒ်မ ၁၂ အရ ဖွဲ့စည်းထားသော [illegible]ကော်မတီကို ဆိုသည်။

(ဂ) [illegible] ဟူ၍ ဆိုသည်မှာ၊ အဖွဲ့၏အုပ်ချုပ်ရေးမှူးကိုဆိုလို [illegible]သည်။

## အခန်း ၂။

### အဖွဲ့ဖွဲ့စည်းပုံ။

*အဖွဲ့ဖွဲ့စည်းပုံ။*

၃။ ။(၁) ဤအက်ဥပဒေပါ ကိစ္စများကိုဆောင်ရွက်ရန်အလို့ငှါ၊ နိုင်ငံတော် ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေး အဖွဲ့ဟူသောအမည်ဖြင့်၊ အဖွဲ့တခုကိုဖွဲ့စည်းရမည်။

(၂) အဖွဲ့သည်၊ စဉ်ဆက်မပြတ်ဆက်ခံဆောင်ရွက်နိုင်ခွင့်နှင့်တကွအဖွဲ့ပိုင် တံဆိပ်တခုရှိသော၊ တရားဝင်အဖွဲ့ဖြစ်ရမည့်ပြင်၊ အဆိုပါအမည်ဖြင့် တရားစွဲဆိုနိုင်၍ တရားစွဲဆိုခြင်းကိုလည်းခံနိုင်ရမည်။

*အဖွဲ့ဝင်များ။*

၄။ ။(၁) အဖွဲ့တွင် အောက်ပါအဖွဲ့ဝင်ဆယ်ဦး ပါဝင်ရမည်။

(က) ပြန်လည် ထူထောင်ရေးဌာနဝန်ကြီး။

(ခ) နိုင်ငံတော် မြေယာနှင့် ကျေးလက်စည်ပင်သာယာရေး ဆိုင်ရာဘဏ္ဍာရေးဝန်ကြီး။

(ဂ) ဘဏ္ဍာရေးနှင့်အခွန်တော်ဝန်ကြီးဌာနအတွင်းဝန်။

(ဃ) ရန်ကုန်မြို့တော်မြူနီစီပါယ်ကော်ပိုရေးရှင်း၏အုပ်ချုပ်ရေးမှူး။

(င) နိုင်ငံတော်သမ္မတက ခန့်ရမည့်အခြားပုဂ္ဂိုလ် ခြောက်ဦး။

*ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ။*

(၂) ပြန်လည်ထူထောင်ရေး ဌာနဝန်ကြီးသည် အဖွဲ့၏ ဥက္ကဋ္ဌဖြစ်ရမည်၊ ကျန်အဖွဲ့ဝင်များထဲမှ၊ နိုင်ငံတော်သမ္မတက အဖွဲ့၏ဒုတိယ ဥက္ကဋ္ဌခန့်ရမည်။

(၃) ပုဒ်မခွဲ (၁)၊ အပိုဒ် (င) အရခန့်ရမည့်ပုဂ္ဂိုလ် ခြောက်ဦးအနက် လေးဦးသည် အစိုးရအရာရှိ မဟုတ်သူများဖြစ်ရမည်။

*အဖွဲ့ဝင်များတိုးချဲ့ခြင်း။*

(၄) နိုင်ငံတော်သမ္မတသည်၊ အဖွဲ့၏ထောက်ခံချက်အရ၊ အခါအားလျော်စွာ အဖွဲ့ဝင်ဦးရေကို တိုးချဲ့၍ခန့်နိုင်သည်။

*အဖွဲ့ဝင်အရည်အချင်း ပျက်ယွင်းခြင်း။*

၅။ ။မည်သူမဆို—

(က) ခြောက်လထက်ပိုသော ထောင်ဒဏ်ခံထိုက်သည့်ပြစ်မှုကျူးလွန်သည် ဟုပြစ်မှုထင်ရှားစီရင်ခြင်းခံရ၍၊ ယင်းသို့စီရင်ခြင်းကိုဖျက်ပယ် ခြင်းမရှိသည့်အပြင်၊ နိုင်ငံတော်သမ္မတကလည်း၊ ဤပုဒ်မအရ၊ ဖျက်သောအခွင့်ကို ထုတ်ပြန်ခွင့်ရှိသည့် အလျောက် မိမိ သင့်သည်ဟူဆသဖြင့် ထိုပုဂ္ဂိုလ်၏ အရည်အချင်းပျက်ယွင်းခြင်းကို ပယ်ဖျက်ခြင်းမပြုလျှင်သော်၎င်း၊

(ခ) ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် အမှုထမ်းရန်မသင့်တော်ဟု နိုင်ငံတော် သမ္မတကကြေညာခြင်းခံရသူ၊ သို့တည်းမဟုတ် ပြည်သူ့ဝန်ထမ်း အဖြစ်မှထုတ်ပယ်ခံရသူဖြစ်လျှင်သော်၎င်း၊

(ဂ) လူမွဲအဖြစ်ဆုံးဖြတ်ကြေညာခံရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူဖြစ် လျှင်သော်၎င်း၊

(ဃ) အဖွဲ့၏ရာထမ်း မှုထမ်းဖြစ်နေလျှင်သော်၎င်း၊

(င) တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မိမိကိုယ်တိုင်သော်၎င်း၊ မိမိနှင့် ဘက်စပ်လုပ်ငန်းလုပ်သူသော်၎င်း၊ မိမိ၏အလုပ်ရှင်သော်၎င်း၊ မိမိ၏ အလုပ်သမားသော်၎င်း၊ အဖွဲ့နှင့် သို့တည်းမဟုတ် အဖွဲ့ကိုယ်စား ချုပ်ဆိုသောစာချုပ်တွင်၊ သို့တည်းမဟုတ် အဖွဲ့နှင့်စပ်လျဉ်းသည့် အလုပ်တွင် အစုပါဝင်လျှင်၊ သို့တည်းမဟုတ် အကျိုးခံစားခွင့်ရှိလျှင် သော်၎င်း၊

(စ) အဖွဲ့နှင့်၊ သို့တည်းမဟုတ် အဖွဲ့အတွက်ချုပ်ဆိုသောစာချုပ်တွင် ဖြစ်စေ၊ အဖွဲ့နှင့် စပ်လျဉ်းသည့် အလုပ်တွင်ဖြစ်စေ အစုပါဝင်သည့်၊ သို့တည်းမဟုတ်အကျိုးခံစားခွင့်ရှိသည့်ကုမ္ပဏီတခုခု၏ ဒါရိုက်တာ၊ အတွင်းရေးမှူး၊ မန်နေဂျာ၊ သို့တည်းမဟုတ် အခကြေးငွေဖြင့်ခိုင်းစေ ခံရသူ ဖြစ်လျှင်သော်၎င်း၊

(ဆ) ပြည်ထောင်စုမြန်မာနိုင်ငံသားမဟုတ်သူ၊ သို့တည်းမဟုတ်ပြည်ထောင် စုမြန်မာနိုင်ငံသားအဖြစ်မှရပ်စဲသူဖြစ်လျှင်သော်၎င်း၊

ထိုသူကိုအဖွဲ့ဝင်အဖြစ်ခန့်ထားခြင်း၊ သို့တည်းမဟုတ်တည်မြဲစေခြင်းမရှိရ။

**အုပ်ချုပ်ရေးမှူး၏အခကြေးငွေနှင့် တာဝန်ဝတ္တရား။**

၆။ (၁) နိုင်ငံတော်သမတသည်၊ မိမိသင့်တော်သည်ဟုထင်မြင်သည့် ပုဂ္ဂိုလ်တဦးအား အဖွဲ့၏အုပ်ချုပ်ရေးမှူးအဖြစ်ခန့်ရမည်။ အုပ်ချုပ်ရေးမှူးမှာ အဖွဲ့၏အစည်းအဝေးတွင် ဝင်ရောက် ပြောဆိုခွင့်ရှိရမည်။ သို့ရာတွင်ညှိ ပြဋ္ဌာန်းချက်ကိုအကြောင်းပြု၍ မဲဆန္ဒပေးပိုင်ခွင့်မရှိစေရ။

**အုပ်ချုပ်ရေးမှူး။**

(၂) အုပ်ချုပ်ရေးမှူးသည်၊အဖွဲ့၏ကြီးကြပ် အုပ်ချုပ်ခြင်းကို လိုက်နာလျက်၊ ဤအက်ဥပဒေနှင့် ဤအက်ဥပဒေအရ ပြုသောနည်းဥပဒေများ၊ စည်းကမ်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် အညီ၊ အဖွဲ့က မိမိအားလွှဲအပ်သော အာဏာ နှင့်တာဝန်ဝတ္တရားကို သုံးစွဲဆောင်ရွက်ရမည်။

**အုပ်ချုပ်ရေးမှူး၏လစာ၊ စရိတ်ကြေးငွေနှင့်အမှုထမ်းစည်းကမ်း။**

(၃) အုပ်ချုပ်ရေးမှူး၏လစာ၊ စရိတ်ကြေးငွေနှင့် အမှုထမ်း စည်းကမ်းများသည်၊ နိုင်ငံတော်သမတကအဖွဲ့နှင့် ညှိနှိုင်းတိုင်ပင်၍သတ်မှတ်သည့်အတိုင်းဖြစ်ရမည်။

**အဖွဲ့ဝင်များ၏သက်တမ်း။**

၇။ ။ပုဒ်မ ၄ (၁) (င) တွင်ရည်ညွှန်းထားသည့်အစိုးရ အရာရှိမဟုတ်သော အဖွဲ့ဝင်များ၏ ရာထူးသက်တမ်းသည် နိုင်ငံတော်သမတက ပြဋ္ဌာန်းသည့်အတိုင်းဖြစ်ရမည်။

**ရှောင်တခင်လစ်လပ်သည့်ရာထူး။**

၈။ ။သေဆုံး၍ဖြစ်စေ၊ရာထူးမှ နုတ်ထွက်၍ဖြစ်စေ၊ရာထူးမှ ထုတ်ပယ်ခြင်း ခံရ၍ဖြစ်စေ၊အခြားအကြောင်းကြောင့်ဖြစ်စေ၊ပုဒ်မ ၄ (၁) (င) တွင် ရည်ညွှန်းထားသည့် အဖွဲ့ဝင်တဦးဦး၏ ရာထူးလစ်လပ်သည့်အခါ၊ထိုလစ်လပ်သည့်နေရာတွင် နိုင်ငံတော်သမတက အဖွဲ့ဝင် သစ်တဦးကို ဖြည့်သွင်းခန့်ထားရမည်။ ထိုသို့ခန့်ထားခြင်းခံရသော အဖွဲ့ဝင်သစ်သည်၊ မိမိအားခန့်ထားသည့် နေရာတွင်အမှုထမ်းရွက်ခဲ့သည့်အဖွဲ့ဝင် ဟောင်း၏ ရာထူးသက်တမ်းစေ့ကုန်မည့်အချိန်အထိသာ ရာထူး၌ထမ်းရွက်ရမည်။

**အဖွဲ့ဝင်တို့အားပေးရန်အခကြေးငွေ။**

၉။ ။ပုဒ်မ ၄ (၁) (င) တွင်ရည်ညွှန်းထားသည့် အစိုးရအရာရှိ မဟုတ်သော အဖွဲ့ဝင်များအား၊နိုင်ငံတော်သမတကသတ်မှတ်သည့်အခ၊ သို့တည်းမဟုတ် စရိတ်ကြေးငွေပေးရမည်။

**ဆောင်ရွက်မှုမပျက်ပြယ်ခြင်း။**

၁၀။ ။အဖွဲ့၏စီမံဆောင်ရွက်သည့်မှုခင်းကိစ္စများသည်၊ အဖွဲ့ဝင်ရာထူးလစ်လပ်သည်ဟူသောအကြောင်းကြောင့်သော်၎င်း၊ အဖွဲ့ဝင်တဦးဦးခန့်ထားရာတွင် ချို့ယွင်းချက် တခုခုရှိသည် ဟူသော အကြောင်းကြောင့်သော်၎င်း မပျက်ပြယ်စေရ။

## အခန်း ၃။

## <u>အလုပ်ကိစ္စဆောင်ရွက်ခြင်း။</u>

**အစည်းအဝေး၊လိုအပ်သော အဖွဲ့ဝင် ဦးရေနှင့် သဘာပတိ။**

၁၁။ ။(၁) အဖွဲ့သည်၊ အလုပ်ကိစ္စများကို ဆောင်ရွက်ရန်အလို့ငှါ တလလျှင် အနည်းဆုံးတကြိမ်အစည်းအဝေးကျင်းပရမည်။

(၂) အစည်းအဝေးသို့ အဖွဲ့ဝင် အနည်းဆုံးလေးဦး တက်ရောက်လျှင်အစည်းအဝေးထမြောက်ရမည်။

(၃) ဥက္ကဋ္ဌသည် အဖွဲ့၏ အစည်းအဝေး တိုင်း၌ သဘာပတိအဖြစ်ဆောင်ရွက်ရမည်။ဥက္ကဋ္ဌမတက်ရောက်သည့်အစည်းအဝေးတွင်ဒုတိယဥက္ကဋ္ဌက သဘာပတိအဖြစ်ဆောင်ရွက်ရမည်။ ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌ နှစ်ဦးလုံးမတက်ရောက်သော အစည်းအဝေးတွင် တက်ရောက်သည့် အဖွဲ့ဝင်များအနက်၊ တဦးဦးကို သဘာပတိအဖြစ်ဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ရမည်။

သို့ရာတွင် ဝန်ကြီးချုပ်သည် အဖွဲ့၏မည်သည့် အစည်းအဝေးတွင်မဆို သဘာပတိအဖြစ်ဆောင်ရွက်နိုင်သည်။

(၄) အဖွဲ့အစည်းအဝေး၌ပေါ်ပေါက်သောကိစ္စအားလုံးကို အစည်းအဝေးသို့ တက်ရောက်မဲပေးသောအဖွဲ့ဝင်များ၏ များရာမဲဖြင့်ဆုံးဖြတ်ရမည်။ မဲအရေအတွက်တူညီနေလျှင်၊သဘာပတိ၏မဲဖြင့်ဆုံးဖြတ်ရမည်။

ကော်မီတီများ ဖွဲ့စည်းခြင်း။

၁၂။ ။(၁) အဖွဲ့သည်၊ မိမိ၏တာဝန်ဝတ္တရားများကို ဆောင်ရွက်ရန်အလို့ငှါ အဖွဲ့ဝင် တဦးဖြစ်စေ၊ တဦးထက်ပိုရှိ၍ဖြစ်စေ ပါဝင်သော ကော်မီတီများကို ယေဘုယျအားဖြင့်သော်၎င်း၊ အထူးကိစ္စများအတွက်သော်၎င်း ဖွဲ့စည်းနိုင်သည်။

(၂) ကော်မီတီအသီးသီးတွင်အဖွဲ့ဝင်များအပြင် အဖွဲ့၏ထောက်ခံချက်အရနိုင်ငံတော်သမ္မတကခန့်သော ထပ်ဖြည့်ကော်မီတီအဖွဲ့ဝင်များလည်း ပါဝင်နိုင်သည်။

(၃) ကော်မီတီ အသီးသီးသည်၊ အဖွဲ့၏ ကြီးကြပ်အုပ်ချုပ်ခြင်းကို လိုက်နာလျက်၊ ဤအက်ဥပဒေနှင့် ဤအက်ဥပဒေအရပြုသော နည်းဥပဒေများ၊ စည်းကမ်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ၊ မိမိအား အဖွဲ့ကလွှဲအပ်သော အာဏာနှင့် တာဝန်ဝတ္တရားကိုသုံးစွဲဆောင်ရွက်ရမည်။

(၄) ကော်မီတီအသီးသီးသည်၊ မိမိဆောင်ရွက်သည့် အမှုကိစ္စအစုံရပ်နှင့်စပ်လျဉ်း၍ အဖွဲ့၏အတည်ပြုချက်ကိုရယူရမည်၊

(၅) အစိုးရအရာရှိမဟုတ်သော ထပ်ဖြည့်ကော်မီတီအဖွဲ့ဝင်များအား၊ နိုင်ငံတော်သမ္မတက သတ်မှတ်သည့်အခ၊ သို့တည်းမဟုတ် စရိတ်ကြေးငွေ ပေးရမည်။

အဖွဲ့က ရန်ကုန်စည်ပင်သာယာရေး အဖွဲ့ကို ကြီးကြပ်အုပ်ချုပ်ခြင်း။

၁၃။ ။(၁) ရန်ကုန် စည်ပင်သာယာရေး အဖွဲ့ အက်ဥပဒေတွင် ဖြစ်စေ၊ အခြားတည်ဆဲ တရားဥပဒေများတွင်ဖြစ်စေ မည်သို့ပင်ပါရှိစေကာမူ၊ အဆိုပါအက်ဥပဒေအရ ဖွဲ့စည်းထားသော စည်ပင်သာယာရေးအဖွဲ့သည်၎င်း၊ အခြားတည်ဆဲတရားဥပဒေတခုခုအရ၊ ထိုစည်ပင်သာယာရေးအဖွဲ့၏ အာဏာနှင့်တာဝန်ဝတ္တရားကိုသုံးစွဲဆောင်ရွက်နေသော ပုဂ္ဂိုလ်များ၏ အဖွဲ့သည်၎င်း၊ ဤအက်ဥပဒေအရ ဖွဲ့စည်းထားသော ကော်မီတီဖြစ်သည်ဟု မှတ်ယူရမည့်ပြင်၊ ထိုအဖွဲ့သည်ဤအက်ဥပဒေအရ ဖွဲ့စည်းထားသောအဖွဲ့၏ ကြီးကြပ်အုပ်ချုပ်ခြင်းကိုလိုက်နာလျက်၊ ဤအက်ဥပဒေနှင့် ဤအက်ဥပဒေအရပြုသော နည်းဥပဒေများ၊ စည်းကမ်းဥပဒေများနှင့်အညီ အာဏာနှင့် တာဝန်ဝတ္တရားကို သုံးစွဲဆောင်ရွက်ရမည်။

(၂) ရန်ကုန် စည်ပင်သာယာရေးအဖွဲ့ အက်ဥပဒေတွင် ဖြစ်စေ၊ အခြားတည်ဆဲ တရားဥပဒေများတွင်ဖြစ်စေ မည်သို့ပင်ပါရှိစေကာမူ၊ ရန်ကုန် စည်ပင်သာယာရေးအဖွဲ့သည်၊ သို့တည်းမဟုတ် ထိုအဖွဲ့၏အာဏာနှင့် တာဝန်ဝတ္တရားကို သုံးစွဲဆောင်ရွက်သောပုဂ္ဂိုလ်များ၏အဖွဲ့သည်၊ အဆိုပါရန်ကုန်စည်ပင်သာယာရေးအဖွဲ့ အက်ဥပဒေပါပြဋ္ဌာန်းချက်များအရနိုင်ငံတော်သမ္မတ၏သဘောတူညီချက်ကိုတောင်းဆိုသည့်အခါတွင်ဖြစ်စေ၊ အခြားကိစ္စအတွက် နိုင်ငံတော်သမ္မတနှင့်ဆက်သွယ်သည့်အခါတွင်ဖြစ်စေ၊ ဤအက်ဥပဒေအရဖွဲ့စည်းထားသောအဖွဲ့မှတဆင့်တောင်းဆို ရမည်၊ သို့တည်းမဟုတ် ဆက်သွယ်ရမည်။

## အခန်း ၄။

### အဖွဲ့၏ရာထမ်းမှုထမ်းများ။

ရာထမ်း မှုထမ်းများ လစာနှင့် စရိတ် ကြေးငွေ နှင့်စည်းကမ်းများ။

၁၄။ ။(၁) ဤအက်ဥပဒေပါ ကိစ္စများ အလို့ငှါထားရန် လိုအပ်သည်ဟု၊ သို့တည်းမဟုတ် သင့်သည်ဟုအဖွဲ့ကထင်မြင်သော ရာထမ်း မှုထမ်း စာရင်းများကို အခါအားလျော်စွာ အဖွဲ့က စီစဉ်ရမည်။

(၂) ဆိုခဲ့သည့်အရာရှိအသီးသီးအတွက်သော်၎င်း၊ အမှုထမ်းအသီးသီးအတွက်သော်၎င်း၊အဖွဲ့ကခွင့်ပြုသည့်လစာ၊ အခနှင့်စရိတ်ကြေးငွေ၏ အမျိုးအစားနှင့်အရေအတွက်ကို ထိုစာရင်းတွင်ဖေါ်ပြရမည်။

(၃) အဖွဲ့ကနောက်ဆုံးခွင့်ပြုသည့် စာရင်းအားလုံးကိုပုဒ်မ ၃၅ အရ ပြုသည့်နှစ်စဉ် ရ-သုံးမှန်းခြေငွေစာရင်းနှင့်ပူးတွဲ၍ နိုင်ငံတော်သမ္မတ၏သဘောတူညီချက် ရရန်အလို့ငှါတင်ပြရမည်။

(၄) ရာထမ်းမှုထမ်းများနှင့်ပတ်သက်သည့်အခြားအမှုထမ်းစည်းကမ်းများကိုအဖွဲ့ကနိုင်ငံတော်သမ္မတ၏ ကြိုတင်သဘောတူညီချက်ကို ခံယူလျက်၊စည်းကမ်းဥပဒေဖြင့်ပြဋ္ဌာန်းရမည်။

ရာထူးခန့်ရန်၊ ခွင့်ပေး ရန်နှင့် ရာထူးမှ ထုတ်ပယ် ရန်အာဏာ။

၁၅။ ။(၁) ဤအက်ဥပဒေအရ ပြုသောနည်းဥပဒေများနှင့်ဖြစ်စေ၊ စည်းကမ်းဥပဒေများနှင့်ဖြစ်စေမဆန့်ကျင်စေဘဲ၊ အုပ်ချုပ်ရေးမှူးမှာ အံ့ခြေခံလစာငွေနှစ်ရာထက်ပို၍မရသောအဖွဲ့၏ရာထမ်း မှုထမ်းများကို ရာထူးခန့်ရန်၊ ခွင့်ရက်ပေးရန်နှင့်ရာထူးမှ ထုတ်ပယ်ရန်အာဏာရှိရမည်။

(၂) အဖွဲ့မှာ အခြေခံလစာငွေနှစ်ရာထက်ပို၍ရသောရာထမ်းမှုထမ်း များကိုရာထူးခန့်ရန်၊ ခွင့်ရက် ပေးရန်နှင့်ရာထူးမှထုတ်ပယ်ရန်အာဏာရှိရမည်။

သို့ရာတွင် အုပ်ချုပ်ရေးမှူး၏ အမိန့်ဖြင့် ရာထူးမှ ထုတ်ပယ်ခံရသူသည် အဖွဲ့သို့ အယူခံဝင်ခွင့်ရှိသည်။ ယင်းသို့ အယူခံဝင်သည့်အခါ အဖွဲ့က ချမှတ်သော ဆုံးဖြတ်ချက်သည် အဆုံးသတ်ဖြစ်စေရမည်။

၁၆။ ။(၁) အဖွဲ့၏ အခွင့်အမိန့်ကို ရယူ၍ လျှင်၊ အုပ်ချုပ်ရေးမှူးသည်၊ ဤအက်ဥပဒေ အရဖြစ်စေ၊ ဤအက်ဥပဒေအရ ပြုသည့် နည်းဥပဒေများ၊ သို့တည်းမဟုတ် စည်းကမ်း ဥပဒေများအရဖြစ်စေ၊ မိမိအားအပ်နှင်းထားသော အာဏာကို၊ သို့တည်းမဟုတ် တာဝန်ဝတ္တရားကို အဖွဲ့၏ရာထမ်း မှုထမ်းတဦးဦးအား လွှဲအပ်နိုင်သည်။

တာဝန် ဝတ္တရားကိုလွှဲ အပ်ခြင်း။

(၂) ပုဒ်မခွဲ (၁) အရအာဏာကို၊သို့တည်းမဟုတ် တာဝန်ဝတ္တရားကိုလွှဲအပ်သည့်အခါ၊ စည်းကမ်းချက်များ၊ သို့တည်းမဟုတ် ကန့်သတ်ချက်များပါရှိလျှင်၊ထိုစည်းကမ်းချက်များနှင့်၊ သို့တည်းမဟုတ် ကန့်သတ်ချက်များနှင့်အညီ၊ယင်းသို့လွှဲအပ်ခြင်းခံရသူက သုံးစွဲဆောင်ရွက်ရမည်။ ထို့ပြင် ယင်းသို့လွှဲအပ်ခြင်းခံရသူ၏ လုပ်ကိုင်ဆောင်ရွက်ချက်ကို အုပ်ချုပ်ရေးမှူးက ကြီးကြပ်အုပ်ချုပ်နိုင်ရမည်၊ သို့တည်းမဟုတ် ပြင်ဆင်နိုင်ရမည်။

၁၇။ ။ရန်ကုန်စည်ပင်သာယာရေး အဖွဲ့ အက်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ၊ အဆိုပါရန်ကုန်စည်ပင်သာယာရေးအဖွဲ့၏ ရာထမ်း မှုထမ်းများအနက်၊ အဖွဲ့က သင့်တော်သည်ထင်မြင်သော ရာထမ်း မှုထမ်းများကို အဖွဲ့၏ရာထမ်း မှုထမ်းများအဖြစ် လွှဲပြောင်းခန့်နိုင်သည်။

ရာထမ်း မှုထမ်းများကို လွှဲပြောင်းခန့်နိုင်သည့်အာဏာ။

## အခန်း ၅။

### အဖွဲ့နှင့် စပ်လျဉ်းသည့် နိုင်ငံတော်သမတ၏ အာဏာများ။

၁၈။ ။နိုင်ငံတော်သမတသည်၊ အောက်ပါကိစ္စများအတွက် နည်းဥပဒေများကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ ပြုနိုင်သည်။

နိုင်ငံတော် သမတ၏ အာဏာများ။

(က) အဖွဲ့အား အကြံဉာဏ် ပေးရန် အဖွဲ့က ခန့်သော ပုဂ္ဂိုလ်တို့အား ပေးသင့်သည့် အခ၊ သို့တည်းမဟုတ် စရိတ်ကြေးငွေကိုသတ်မှတ်ရန်ကိစ္စ။

(ခ) နိုင်ငံတော်သမတက အဖွဲ့သို့ထုတ်ချေးသည့်ငွေများပြန်လည်ပေးဆပ်ရမည့် နည်းလမ်းကို သတ်မှတ်ရန်ကိစ္စ။

(ဂ) အဖွဲ့က အုပ်ချုပ်ရေးမှူးအားလည်း၊ ကော်မီတီများအားလည်း၊ လွှဲအပ်နိုင်သည့်အာဏာနှင့် တာဝန်ဝတ္တရားကို ပြဋ္ဌာန်းရန်ကိစ္စ။

(ဃ) အဖွဲ့ပိုင်ပစ္စည်းများကို ကော်မီတီများသို့ လွှဲပြောင်းအပ်နှံခြင်းကိစ္စ။

(င) လွှဲအပ်ထားသည့် တာဝန်ဝတ္တရားကို ဆောင်ရွက်သည့်အခါ ကော်မီတီများ သုံးစွဲနိုင်သည့်အသုံးစရိတ်များကို ကန့်သတ်ရန်ကိစ္စနှင့် ကော်မီတီများ၏နှစ်စဉ်ရ-သုံးမှန်းခြေ ငွေစာရင်းကိုအဖွဲ့သို့အခွင့်အမိန့် ရရန် ကော်မီတီများက တင်သွင်းရန်ကိစ္စ။

(စ) ယေဘုယျအားဖြင့် ဤအက်ဥပဒေပါ ကိစ္စများကိုဆောင်ရွက်ရန်ကိစ္စ။

၁၉။ ။(၁) ဤအက်ဥပဒေပါ ကိစ္စများအတွက် မည်သည့် မြေကိုမဆို အဖွဲ့က အလိုရှိ၍ နိုင်ငံတော် သမတထံ သိမ်းယူရန် တောင်းဆိုသည့်အခါ၊ နိုင်ငံတော်သမတသည် ပုဒ်မခွဲ (၂) ပါ ပြင်ဆင်ချက်များပါဝင်သည့် မြေသိမ်းအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ၊ပြည်သူ့ကိစ္စအတွက် မြေကိုသိမ်းယူဘိသကဲ့သို့ ထိုမြေကို သိမ်းယူရန် ဆောင်ရွက်နိုင်သည်။

မြေ သိမ်းယူနိုင်သည့် အာဏာ။

(၂) ဤအက်ဥပဒေပါ ကိစ္စများအလို့ငှါ၊ မြေကို သိမ်းယူသောအခါ၊ မြေသိမ်း အက်ဥပဒေသည် အောက်ပါပြင်ဆင်ချက်များထည့်သွင်းထားသည့်အတိုင်း အကျိုးသက်ရောက်ရမည်။

(က) အဆိုပါ မြေသိမ်း အက်ဥပဒေ ပုဒ်မ ၁၇ (၁) အစား အောက်ပါပုဒ်မကို ထည့်သွင်းရမည်။

"၁၇။ ။(၁) ပုဒ်မ ၁၁ အရ ဆုံးဖြတ်ချက်မချမှတ်သေးသော်လည်း၊ ပုဒ်မ ၉၊ ပုဒ်မခွဲ (၁) တွင် ဖော်ပြထားသည့် နို့တစ်စာကို ထုတ်ပြန်သည့်နေ့ နောက် တဆယ့်ငါးရက်

ကျန်ရုံးသည့်အခါ၊ နိုင်ငံတော်သမတက ဆင့်ဆိုလျှင်၊ ကော်လိပ်တော်အရာရှိသည် အဖွဲ့က အလိုရှိသောမြေကို သိမ်းယူရန် မိမိအားယင်းသို့ဆင့်ဆိုသည့်အတိုင်း ထိုမြေကိုသိမ်းယူ၍အဖွဲ့သို့ချက်ခြင်းလွှဲပြောင်းပေးရမည်။ ထိုသို့လွှဲပြောင်းပေးသောအခါ ထိုမြေသည် ကြွေးမြီတာဝန်ဟူသမျှ ကင်းလွတ်သောအဖွဲ့ပိုင် မြေဖြစ်ရမည်။''

(ခ) အဆိုပါ မြေသိမ်းအက်ဥပဒေ ပုဒ်မ ၂၃ ၏ ပုဒ်မခွဲ (၂) ကို ပယ်ဖျက်ရမည်။

နိုင်ငံတော် သမတ က အစီရင်ခံစာ တောင်းနိုင်သည့် အာဏာ။

၂၀။ ။(၁) နိုင်ငံတော်သမတသည်၊ မည်သည့် အခါမဆို အဖွဲ့၏၊ သို့တည်းမဟုတ် ကော်မီတီ၏အစည်းအဝေးများမှကောက်နုတ်ချက်များကိုဖြစ်စေ၊ မှတ်တမ်းများ ကိုဖြစ်စေ၊ ဤအက်ဥပဒေအရ စီမံ အုပ်ချုပ်မှုဆိုင်ရာစာရင်းများကိုဖြစ်စေ၊ မိမိထံတင်သွင်းရန် အဖွဲ့အား တောင်းဆိုနိုင်သည်။ ယင်းသို့တောင်းဆိုသည့်အခါ အဖွဲ့က လိုက်နာဆောင်ရွက်ရမည်။

(၂) နိုင်ငံတော်သမတသည်၊ အဖွဲ့က ကြီးကြပ်အုပ်ချုပ်ရသော ကိစ္စနှင့်စပ်လျဉ်းသည့် အစီရင်ခံစာရင်း၊ အစီရင်ခံစာ၊ မှန်းခြေငွေစာရင်း၊ သို့တည်းမဟုတ် အခြားအကြောင်းအရာကို မိမိထံ တင်သွင်းရန် အဖွဲ့အား တောင်းဆိုနိုင်သည်။ ယင်းသို့တောင်းဆိုသည့်အခါ အဖွဲ့က လိုက်နာဆောင်ရွက်ရမည်။

နိုင်ငံတော် သမတက အစီရင်ခံစာ အပေါ်တွင် ညွှန်ကြား နိုင်သည့်အာဏာ။

၂၁။ ။ပုဒ်မ ၂၀ (၂) အရ တင်သွင်းသည့် အစီရင်ခံစာကို၊ သို့တည်းမဟုတ် စာချုပ်စာတမ်းကိုရရှိသည့်အခါ၊ နိုင်ငံတော်သမတက—

(က) အဖွဲ့သည်၊ ဤအက်ဥပဒေအရ ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားကို ဆောင်ရွက်ခြင်းမရှိဟူ၍သော်၎င်း၊ ပုံလင်ကျွမ်းကျင်စွာ ထိရောက်အောင်၊ သို့တည်းမဟုတ် ထိရောက်အောင်၊ ဆောင်ရွက်ခြင်း မရှိဟူ၍သော်၎င်း၊

(ခ) ထိုတာဝန်ဝတ္တရားကိုဆောင်ရွက်ရန်အလို့ငှါ ငွေကြေးလုံလောက်စွာစီမံထားရှိခြင်းမရှိဟူ၍သော်၎င်း၊

ယူဆလျှင်၊ နိုင်ငံတော်သမတသည်၊အမိန့်စာဖြင့် ထိုအမိန့်စာတွင်သတ်မှတ်သည့် ကာလအပိုင်းအခြားအတွင်း၊ မိမိကျေနပ်လောက်အောင် တာဝန်ဝတ္တရားကိုဆောင်ရွက်ရန်သော်၎င်း၊ ငွေကြေးလုံလောက်စွာ စီမံထားရှိရန်သော်၎င်း အဖွဲ့အားညွှန်ကြားနိုင်သည်။ ယင်းသို့ညွှန်ကြားသည့်အတိုင်း အဖွဲ့က လိုက်နာဆောင်ရွက်ရမည်။

နိုင်ငံတော် သမတက အလုပ်တရပ်ရပ်ကို ရပ်စဲစေနိုင်သည့်အာဏာ။

၂၂။ ။(၁) နိုင်ငံတော်သမတသည်၊ နိုင်ငံတော်အကျိုးနှင့် သက်ဆိုင်သည်ဟု မိမိယူဆသော ကိစ္စများနှင့်စပ်လျဉ်း၍ အဖွဲ့၏ တာဝန်ဝတ္တရားကို မည်သို့ဆောင်ရွက်ရမည်ဟု အဖွဲ့အားဆင့်ဆိုနိုင်သည်။ ထိုသို့ဆင့်ဆိုသည့်အတိုင်းအဖွဲ့ကလိုက်နာဆောင်ရွက်ရမည်။

(၂) နိုင်ငံတော် သမတသည်၊ အဖွဲ့၏အလုပ်တခုခုကို ရပ်စဲရန်အဖွဲ့အားဆင့်ဆိုနိုင်သည်။ ထိုသို့ ဆင့်ဆိုသည့်အတိုင်း အဖွဲ့ကလိုက်နာဆောင်ရွက်ရမည်။

နိုင်ငံတော် သမတက အဖွဲ့ကို ဖျက်သိမ်း နိုင်သည့် အာဏာ။

၂၃။ ။ဤအက်ဥပဒေဖြင့်အပ်နှင်းထားသော တာဝန်ဝတ္တရား၊ သို့တည်းမဟုတ် အလုပ်ကို အဖွဲ့ကဆောင်ရွက်ရန် ပျက်ကွက်သည်ဟူ၍သော်၎င်း၊ အဖွဲ့က ဆောင်ရွက်ရမည့် အလုပ်များပြီးမြောက်ပြီဟူ၍သော်၎င်း၊ နိုင်ငံတော်သမတက ယူဆလျှင်၊ နိုင်ငံတော်သမတသည်၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍ အဖွဲ့ကိုဖျက်သိမ်းနိုင်သည်။ ယင်းသို့ဖျက်သိမ်းသည့်အခါ နိုင်ငံတော်သမတသည်၊ အဖွဲ့၏အလုပ်ကိစ္စ အရပ်ရပ်ကို စီမံအုပ်ချုပ်စေရန်အလို့ငှါ၊ မိမိသင့်တော်သည်ထင်မြင်သည့် ပုဂ္ဂိုလ်တဦးကို၊ သို့တည်းမဟုတ် ပုဂ္ဂိုလ်များကို ခန့်ထားနိုင်သည်။ ထိုသို့ခန့်ထားခြင်းခံရသောပုဂ္ဂိုလ်သည်၊ သို့တည်းမဟုတ်ပုဂ္ဂိုလ်များသည်၊ ဤအက်ဥပဒေအရ အဖွဲ့က သုံးစွဲဆောင်ရွက်နိုင်သည့် အာဏာနှင့် တာဝန်ဝတ္တရားကို သုံးစွဲဆောင်ရွက်နိုင်သည်။

ခြွင်းချက်။ ။သို့ရာတွင် နိုင်ငံတော်သမတသည်၊ဤပုဒ်မအရ အဖွဲ့ကိုဖျက်သိမ်းပြီးသည့်နောက် မည်သည့်အခါ၌မဆို သင့်တော်သည်ဟုထင်မြင်လျှင်၊ ဤအက်ဥပဒေအရ အဖွဲ့သစ်တဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

## အခန်း ၆။

### အဖွဲ့၏တာဝန်ဝတ်တရားများ။

၂၄။ (၁) အဖွဲ့၏ တာဝန်ဝတ်တရားသည်၊ နိုင်ငံတော်အတွင်းမည်သည့်ဒေသတွင် မဆို နေထိုင်ကြသော ပြည်သူများ အတွက် သင့်တော်သော ကျန်းမာရေး၊ လွယ်ကူမှုအခွင့်အလမ်းနှင့် ကောင်းကျိုးခံစားမှုရရှိရေးများကို ရည်ရွယ်၍ မြို့ရွာစည်ပင်ရေး လုပ်ငန်းများနှင့်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ယေဘုယျအားဖြင့် ကြီးကြပ်အုပ်ချုပ်ခြင်း၊ စီမံခန့်ခွဲခြင်းနှင့် တိုးတက်အောင် ဆောင်ရွက်ခြင်းတို့ဖြစ်သည့်ပြင်၊ ဤအက်ဥပဒေအရ အဖွဲ့၏ တာဝန်ဝတ်တရားကို နည်းလမ်းတကျဆောင်ရွက်ရန်အလို့ငှါ လိုအပ်သော၊ သို့တည်းမဟုတ် သင့်တော်သော အခြားလုပ်ငန်းဆောင်တာများကိုလည်းဆောင်ရွက်ရန်ဖြစ်သည်။

အဖွဲ့၏ တာဝန်ဝတ်တရား။

(၂) အထက်ပါပြဋ္ဌာန်းချက်၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ အဆိုပါတာဝန်ဝတ်တရားတွင် အထူးသဖြင့် အောက်ပါတို့လည်း ပါဝင်ရမည်။

(က) နိုင်ငံတော် တူထောင်ရန်အတွက် ရွေးချယ်သောအိမ်ရာဆောက်ရန်နှင့် ၎င်းတို့ကိုကြည့်ရှုထိန်းသိမ်းစီမံခန့်ခွဲရန်။

(ခ) ခေတ်မှီ အိမ်ဆောက်ရာတွင် အသုံးပြုသည့် ပစ္စည်းကိရိယာကိုနိုင်ငံတော်ထွက် သဘာဝပစ္စည်း၊ သို့တည်းမဟုတ် အခြားပစ္စည်းဖြင့်ပြုလုပ်နိုင်စေရန် လိုအပ်သည့် ခေတ်မှီစက်ရုံများတည်ထောင်ရန်။

(ဂ) အဆိုပါစက်ရုံတွင် ပြည်ထောင်စုမြန်မာနိုင်ငံသားများအား ကျွမ်းကျင်သော အလုပ်သမားဖြစ်မြောက်စေရန် သင်ကြားပေးရန်။

(ဃ) လမ်း၊ ရေမြောင်း၊ အဆက်အသွယ်ကို ဆောက်လုပ်ရန်၊ ပြုပြင်ရန်၊ ပြောင်းလွဲရန်နှင့် ပိတ်ဆို့ရန်။

(င) အိမ်၊ တံတားနှင့် အခြားအဆောက်အအုံကို ဆောက်လုပ်ရန်၊ ပြုပြင်ရန်နှင့် ရွှေ့ပြောင်းရန်။

(စ) အိမ်ဆောက်ရန်အတွက်မြေကိုအကွက်ချထားရန်။

(ဆ) လူမမာကြီးအတွက်ရှင်း၊ မြို့လယ်ထားရှင်းအတွက်ရုံ၊ ဆေးရုံအတွက်ရုံ၊ ဈေးအတွက်ရှင်း၊ အများပြည်သူနှင့်သက်ဆိုင်သည့်အခြားကိစ္စအမျိုးမျိုးအတွက်ရုံ၊ မြေရာထားပေးရန်၊ သို့တည်းမဟုတ် မြေရာသီးသန့်ထားရန်။

(ဇ) မိလ္လာပြွန်မြောင်းနှင့်မြေပြင်ပြွန်မြောင်းလုပ်ခြင်း၊ အညစ်အကြေးစွန့်ပစ်ခြင်းစသည်တို့အတွက် မြေပြုပြင်ရန်နှင့် ရေသွားရေလာပြုလုပ်ပေးရန်။

(ဈ) မီးထွန်းရန်။

(ည) ရေပေးရန်။

(ဋ) နိုင်ငံတော်သိမ်းတွင် ထင်ရှား၍ စိတ်ဝင်စားစရာဖြစ်သော၊ သို့တည်းမဟုတ် သဘာဝအားဖြင့် လှပသော အရပ်ဒေသတို့ကို ထိန်းသိမ်းစောင့်ရှောက်ရန်။

(ဌ) သတ်မှတ်ထားသည့်အရပ်ဒေသများတွင်၊ အိမ်ဖော်ပြန်း ကျန်း၍အခြေလဲထားရှိရန်နှင့်ဝန်ဆောင်ခြင်း၊ အိမ်ဆောက်အဆောက်အအုံများ၏အရေအတွက်၊ အမြင့်၊ ပုံ စသည်တို့နှင့် စပ်လျဉ်း၍၎င်း၊ အဆောက်အအုံများ၊ သို့တည်းမဟုတ် မြေများကိုအသုံးပြုပုံ စသည်တို့ကို အသုံးပြုခွင့်ရ အသုံးကိစ္စများနှင့်စပ်လျဉ်း၍၎င်း၊ စည်းကမ်းချက်များနှင့်ကန့်သတ်ချက်များပြဋ္ဌာန်းရန်။

(ဍ) ဝတ္ထုပစ္စည်း၊ ယာဉ်၊ အိမ်ဆောက်ရာတွင် အသုံးပြုသောစက်ကိရိယာ စက်ပစ္စည်းနှင့် အခြားပစ္စည်းကို ဝယ်ယူရန်၊ ငှါးရမ်းရန်၊ ရောင်းချရန်၊ သို့တည်းမဟုတ် စီမံခန့်ခွဲရန်။

(ဗ) မြေနှင့် အဆောက်အအုံများကို ဝယ်ယူရန်၊ ငှါးရမ်းရန်၊ ရောင်းချရန် သို့တည်းမဟုတ် စီမံခန့်ခွဲရန်။

(ဘ) ကြည့်ရှု စီစစ်ရန်၊ စမ်းသပ်ရန်နှင့် သုတေသန လုပ်ငန်းများကိုဆောင်ရွက်ရန်။

(မ) ဤအက်ဥပဒေ၏ ရည်ရွယ်ချက်များနှင့်မဆန့်ကျင်စေဘဲ၊ နိုင်ငံတော်သမ္မတကပြဋ္ဌာန်းထားသောအခြားကိစ္စများကိုဆောင်ရွက်ရန်။

(၃) အဖွဲ့သည်၊ မိမိသင့်တော်သည်ဟုဆလျှင်၊ အစိုးရအတွက်ဖြစ်စေ၊ ဒေသန္တရအာဏာပိုင်အဖွဲ့ တခုခုအတွက်ဖြစ်စေ၊ အလုပ်များကို အခါအားလျော်စွာ ဆောင်ရွက်ပေးနိုင်သည်။

မှတ်တမ်းမိတ္တူ။

၂၅။ ။အဖွဲ့သည်၊ မိမိအစည်းအဝေးအားလုံး၏ လုပ်ငန်းအစီအစဉ်နှင့် မှတ်တမ်း မိတ္တူကို နိုင်ငံတော်သမ္မတထံပေးပို့ရမည်။

နှစ်စဉ်အစီရင်ခံစာ။

၂၆။ ။အဖွဲ့သည်၊ အဖွဲ့၏ ဘဏ္ဍာတော်နှစ် ကုန်ဆုံးပြီးနောက်၊ ဆောလျင်နိုင်သမျှဆောလျင်စွာ၊ ထိုနှစ်အတွင်းအဖွဲ့၏ တာဝန်ဝတ်တရားကိုဆောင်ရွက်ခြင်းနှင့်ငြင်း၊ အဖွဲ့ကလိုက်နာသည့်မူနှင့်ငြင်း၊ လုပ်ငန်းနှင့်ငြင်း စပ်လျဉ်း၍ နိုင်ငံတော်သမ္မတထံ အစီရင်ခံစာတင်သွင်းရမည်။

## အခန်း ၇။

### အဖွဲ့၏အာဏာ။

အဖွဲ့၏အာဏာ။

၂၇။ ။(၁) ဤအက်ဥပဒေဖြင့် အပ်နှင်းထားသော အာဏာ၏ ယေဘုယျသဘောကိုမထိခိုက်စေဘဲ၊အဖွဲ့မှာ ဤအက်ဥပဒေအရ အဖွဲ့၏ တာဝန်ဝတ်တရားကို ဆောင်ရွက်ရန်အလို့ငှါ လိုအပ်သော၊ သို့တည်းမဟုတ် သင့်တော်သော မည်သည့်ကိစ္စကိုမဆို ဆောင်ရွက်နိုင်သည့်အာဏာ ရှိရမည်။ ထို့ပြင်အဆိုပါ အာဏာတွင် အောက်ပါများလည်း ပါဝင်ရမည်။

(က) ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ နိုင်ငံတော်အတွင်း မည်သည့်ဒေသကိုမဆို၊ တိုးတက်ကောင်းမွန်အောင် ပြုရန်၊ ချဲ့ထွင်ရန်၊ သို့တည်းမဟုတ် စည်ပင်သာယာအောင် ပြုရန်အလို့ငှါငြင်း၊ အခါအားလျော်စွာ မြို့ရွာပြုပြင်ရေး၊ အိုးအိမ် ထူထောင်ရေး စီမံကိန်းများကိုရေးဆွဲ၍ ထိုစီမံကိန်းများအရ ဆောင်ရွက်ရန် အလို့ငှါငြင်း၊ အဖွဲ့သည် မည်သည့်အလုပ်များကိုမဆိုပြု၍မည်သည့်အသုံးစရိတ်ကိုမဆို ကျခံနိုင်သည့် အာဏာ။

(ခ) ဤအက်ဥပဒေအလို့ငှါ၊ နိုင်ငံတော်အတွင်းမည်သည့်ဒေသတွင်မဆို၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းကိုအဖွဲ့က ဝယ်ယူခြင်း၊ လက်ဝယ်ထားရှိခြင်း၊ငှါးရမ်းခြင်း၊ရောင်းချခြင်း၊စီမံခန့်ခွဲခြင်း စသည်တို့ကိုပြုနိုင်သည့်အာဏာ။

(ဂ) ဤအက်ဥပဒေပါ ကိစ္စကို ဆောင်ရွက်ရန် အလို့ငှါ၊ စာချုပ်များချုပ်ဆိုနိုင်သည့် အာဏာနှင့် ထိုစာချုပ်များအတိုင်း ဆောင်ရွက်နိုင်သည့်အာဏာ။

(ဃ) နိုင်ငံတော်သမ္မတ၏ ကြိုတင်သဘောတူညီချက်ဖြင့် ငွေချေးယူရန်နှင့်ငွေထုတ်ချေးရန်အာဏာ။

(င) အဖွဲ့၏အုပ်ချုပ်ရေးမှူးအား ဤအက်ဥပဒေပါ ကိစ္စများ ဆောင်ရွက်ရန်အလို့ငှါ၊ အဖွဲ့က လိုအပ်သည်ထင်မြင်သည့်အဖွဲ့၏တာဝန်ဝတ်တရားနှင့် အာဏာကို လွှဲအပ်နိုင်သည့်အာဏာ။

(စ) ကိစ္စတခုခုနှင့် စပ်လျဉ်း၍ အဖွဲ့အားအကြံဉာဏ်ပေးရန် ပုဂ္ဂိုလ်များကိုခန့်ထား၍ နိုင်ငံတော်သမ္မတက ပြဋ္ဌာန်းသည့်အခါ၊သို့တည်းမဟုတ်စရိတ်ကြေးငွေ ပေးနိုင်သည့် အာဏာ။

(ဆ) အဖွဲ့၏တာဝန်ဝတ်တရားကို ဆောင်ရွက်ရာတွင် ကုန်ကျသောအခါ၊ သို့တည်းမဟုတ်စရိတ်ကြေးငွေ ပေးနိုင်သည့်အာဏာ။

(၂) ပုဒ်မခွဲ (၁) ပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ၊ ရန်ကုန်စည်ပင်သာယာရေးအဖွဲ့အက်ဥပဒေတွင် ပါရှိပြီးပြင် ပါရှိစေကာမူ၊ အဆိုပါ အက်ဥပဒေပုဒ်မ ၂၂၊ ၂၂ (ခ)၊ ၇၃၊ ၇၄၊ ၇၇ (၂)၊ ၁၀၀၊ ၁၀၉၊ ၁၁၀ နှင့် ၁၁၁ (၁) အရ နိုင်ငံတော်သမတအား အပ်နှင်းထားသော အာဏာနှင့် တာဝန်ဝတ်တရား ကိုငင်း၊ အဆိုပါ အက်ဥပဒေပုဒ်မ ၈ (၂)၊ ၉ (၁)၊ ၃၂၊ အခန်း ၄ ရှိပုဒ်မအားလုံး၊ ပုဒ်မ ၈၀ နှင့် ၉၆ အရ၊ ရန်ကုန်စည်ပင်သာယာရေးအဖွဲ့အား အပ်နှင်းထားသော အာဏာနှင့် တာဝန်ဝတ်တရား ကိုငင်း၊ အဆိုပါ ပုဒ်မများနှင့် သက်ဆိုင်သည့် နည်းဥပဒေများအရ၊ နိုင်ငံတော်သမတအား၊ သို့တည်းမဟုတ် ရန်ကုန်စည်ပင်သာယာရေးအဖွဲ့အား အပ်နှင်းထားသော အာဏာနှင့် တာဝန် ဝတ်တရား ကိုငင်း၊ အဖွဲ့ကသာလျှင် သုံးစွဲနိုင်ရမည်။

(၃) ရန်ကုန်စည်ပင်သာယာရေးအဖွဲ့ အက်ဥပဒေပါ ပြဋ္ဌာန်းချက်များသည် ဤအက်ဥပဒေနှင့် ဆန့်ကျင်သမျှ ပျက်ပြယ်သည်ဟုမှတ်ယူရမည်။

(၄) ပုဒ်မခွဲ (၅) နှင့် (၆) အလို့ငှါ—

(က) ''မြူနီစီပါယ်ကော်မီတီ'' ဆိုသည်မှာ၊ မြူနီစီပါယ် အက်ဥပဒေအရ ဖွဲ့စည်းထားသော မြူနီစီပါယ် ကော်မီတီကိုဆိုလိုသည်။

(ခ) ''ကော်ပိုရေးရှင်း'' ဆိုသည်မှာ၊ ရန်ကုန်မြို့တော် မြူနီစီပါယ် အက်ဥပဒေအရ ဖွဲ့စည်းထားသော ကော်ပိုရေးရှင်းကိုဆိုလိုသည်။

(၅) မြူနီစီပါယ် အက်ဥပဒေတွင်ဖြစ်စေ၊ ရန်ကုန်မြို့တော် မြူနီစီပါယ် အက်ဥပဒေတွင်ဖြစ်စေ၊ အခြားတည်ဆဲ တရားဥပဒေများတွင်ဖြစ်စေ မည်သို့ပင် ပါရှိစေကာမူ၊ အဖွဲ့သည်—

(က) မိမိသီးခြား သတ်မှတ်သည့် အဆောက်အအုံများ၊ ရေတွင်းရေကန်များ၊ တဲများ၊ တင်းကုပ်များနှင့်စပ်လျဉ်း၍ မြူနီစီပါယ်ကော်မီတီအား မြူနီစီပါယ်အက်ဥပဒေပုဒ်မ ၁၁၅၊ ၁၁၀၊ ၁၁၉၊ ၁၂၀၊ သို့တည်းမဟုတ် ၁၂၁ အရဖြစ်စေ၊ ထိုပုဒ်မတခုခုနှင့် သက်ဆိုင်သည့် နည်းဥပဒေ၊ သို့တည်းမဟုတ် စည်းကမ်း ဥပဒေအရ ဖြစ်စေ အပ်နှင်းထားသော အာဏာနှင့် တာဝန်ဝတ်တရားကို၊ မိမိသတ်မှတ်သည့် အချိန်ကာလအတွင်း သုံးစွဲဆောင်ရွက်ရန် မြူနီစီပါယ်ကော်မီတီအား ညွှန်ကြားနိုင်သည်။ ထို့ပြင်

(ခ) မိမိသီးခြားသတ်မှတ်သည့် အဆောက်အအုံများ၊ တဲများ၊ တင်းကုပ်များနှင့် စပ်လျဉ်း၍ ကော်ပိုရေးရှင်းအား ရန်ကုန်မြို့တော်မြူနီစီပါယ် အက်ဥပဒေပုဒ်မ ၁၅၃၊ ၁၅၅၊ ၁၅၆၊ ၁၅၇၊ ၁၅၉၊ ၁၆၃၊ ၁၇၀၊ သို့တည်းမဟုတ် ၁၈၂ အရဖြစ်စေ၊ ထိုပုဒ်မတခုခုနှင့်သက်ဆိုင်သည့် နည်းဥပဒေ၊ သို့တည်းမဟုတ် စည်းကမ်း ဥပဒေအရဖြစ်စေ အပ်နှင်းထားသော အာဏာနှင့် တာဝန်ဝတ်တရားကို၊ မိမိသတ်မှတ်သည့် အချိန်ကာလအတွင်း သုံးစွဲဆောင်ရွက်ရန် ကော်ပိုရေးရှင်းအား ညွှန်ကြားနိုင်သည်။

(၆) ပုဒ်မခွဲ (၅) အရ၊ အဖွဲ့က ညွှန်ကြားသည့်အတိုင်း မြူနီစီပါယ်ကော်မီတီကဖြစ်စေ၊ ကော်ပိုရေးရှင်းကဖြစ်စေ လိုက်နာရန် ပျက်ကွက်လျှင်၊ အဖွဲ့သည် မိမိကိုယ်တိုင် နည်းလမ်းတကျ ဖွဲ့စည်းထားသော မြူနီစီပါယ်ကော်မီတီ၊ သို့တည်းမဟုတ် ကော်ပိုရေးရှင်းဖြစ်ဘိသကဲ့သို့၊ ပုဒ်မခွဲ (၅)၊ အပိုဒ် (က) နှင့် (ခ) တွင် သီးခြားဖော်ပြထားသည့် အက်ဥပဒေ ပုဒ်မများတွင်၎င်း၊ ထိုပုဒ်မများနှင့်သက်ဆိုင်သည့် နည်းဥပဒေများ၊ စည်းကမ်းဥပဒေများတွင်၎င်း ပါရှိသည့် အာဏာနှင့် တာဝန်ဝတ်တရားကို သုံးစွဲဆောင်ရွက်နိုင်ရမည်။

၂၀။ (၁) ရန်ကုန်မြို့တော်မြူနီစီပါယ်အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်၎င်း၊ ထိုအက်ဥပဒေအရ ပြုထားသည့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်၎င်း မဆန့်ကျင်စေဘဲ အဖွဲ့သည် အများသိစေရန် ကြော်ငြာစာထုတ်ပြန်၍၊ ရန်ကုန်မြို့အတွင်း ရေဆင်းမြောင်းများအတွက် မိလ္လာမြောင်းများ ထားရှိပြီးဖြစ်သည့်အပိုင်း၌ ထိုကြော်ငြာစာ၌ သတ်မှတ်ဖော်ပြထားသည့် ရပ်ကွက်များ၌ သို့တည်းမဟုတ် နေရာများ၌ရှိသော မြေကွက်လပ် အသီးသီး၏ပိုင်ရှင်တိုင်းသည် မိမိပိုင်မြေကွက်လပ်တွင် အနည်းဆုံး အထပ် ၃ ထပ် ရှိသည့်အဆောက်

အဖွဲ့၏ထပ်ဆင့်အာဏာ။

(၂) ယင်းသို့ကြေညာသည့်အခါ၊ အဆိုပါ မြေကွက်လပ်ပိုင်ရှင်တိုင်းသည် ဟိုမြေကြောငြာစာနှင့်အညီ၊ ထို့ပြင် ရန်ကုန်မြို့တော် မြူနီစီပါယ်အက်ဥပဒေနှင့်ထိုအက်ဥပဒေအရ ပြုထားသောနည်းဥပဒေများ၊ စည်းကမ်းဥပဒေများနှင့်လည်း မဆန့်ကျင်စေဘဲ၊ မိမိပိုင်မြေကွက်လပ်တွင် အဆောက်အအုံကို၊ သို့တည်းမဟုတ် အဆောက်အအုံများကို ထိုကြော်ငြာစာထုတ်ပြန်သည့်နေ့မှ ခြောက်လအတွင်းပုက်ကွက်ခြင်းမရှိဘဲပြီးစီးအောင် ဆောက်ရမည်။

သို့ရာတွင် အဖွဲ့သည်လုံလောက်သည့် ဟုမိမိယူဆသောအကြောင်းရှိလျှင်၊ ဤပုဒ်မခွဲအရ ကန့်သတ်ထားသည့် အချိန်ကာလကိုတိုးချဲ့ပေးနိုင်သည်။

(၃) အဆိုပါ မြေကွက်ပိုင်ရှင်တဦးသည်၊ ပုဒ်မခွဲ (၂) အရ ကန့်သတ်သည့်၊ သို့တည်းမဟုတ် တိုးချဲ့ပေးသည့်အချိန်အတွင်း၊ အဆောက်အအုံကို သို့တည်းမဟုတ် အဆောက်အအုံများကို ပြီးစီးအောင်ဆောက်ရန်ပျက်ကွက်လျှင်၊ အဖွဲ့သည်ထိုအကြောင်းကို နိုင်ငံတော်သမတထံအစီရင်ခံရမည်။

(၄) နိုင်ငံတော်သမတသည် ထိုအစီရင်ခံစာကိုရသည့်အခါ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ထိုမြေကွက်ကိုင်း၊ ထိုမြေကွက်နှင့်တကွ ထိုမြေကွက်ရှိမရွှေ့မပြောင်းနိုင်သောပစ္စည်းအားလုံးကိုင်း၊ ပုဒ်မခွဲ (၅) နှင့် (၆) ပါပြဋ္ဌာန်းချက်များနှင့်အညီ၊ လျော်ကြေးပေး၍ နိုင်ငံပိုင်ပြုနိုင်ရမည်။ အမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်အခါ၊ ထိုမြေကွက်သည်ငှင်း၊ ထိုမြေကွက်နှင့်တကွ ထိုမြေကွက်ရှိ မရွှေ့မပြောင်းနိုင်သော ပစ္စည်းအားလုံးသည်ငှင်း၊ ထိုအမိန့်ကြော်ငြာစာတွင်သတ်မှတ်သည့်နေ့၌ကြွေးမြီတာဝန်အားလုံးကင်းလျက်နိုင်ငံပိုင်ဖြစ်လာရမည်။

(၅) ဤအက်ဥပဒေ အခြားနေရာများတွင်ဖြစ်စေ၊ အခြား တည်ဆဲတရားဥပဒေများတွင်ဖြစ်စေ မည်သို့ပင်ပါရှိစေကာမူ၊ ပုဒ်မခွဲ (၄) အရ၊ နိုင်ငံပိုင်ပြုသည့် မြေအတွက်လျော်ကြေးကိုအောက်ပါအတိုင်းပေးရမည်။

(က) အငှါးစာချုပ်ဖြင့် အကျိုးခံစားခွင့်ရသည့်မြေဖြစ်လျှင်၊ ထိုမြေကိုအီ (စ်) အိန္ဒိယကုမ္ပဏီ (East India Company) ၏ ကိုယ်စားဖြစ်စေ၊ မြန်မာနိုင်ငံကို အုပ်ချုပ်ခဲ့သည့်တရားဝင်အစိုးရ ကိုယ်စားဖြစ်စေ၊ မူလချုပ်ဆိုခဲ့သည့် အငှါးစာချုပ်ဖြင့်ငှါးရာ၌ ကုန်ကျသော စပေါ်ငွေ (premium) ရှိပါက၊ ထိုစပေါ်ငွေနှင့်ညီမျှသောငွေ။

(ခ) အပိုင်စာချုပ်ဖြင့် အကျိုးခံစားခွင့်ရသည့်မြေဖြစ်၍ ထိုမြေအတွက်၊ အီ (စ်) အိန္ဒိယကုမ္ပဏီ (East India Company) ၏ကိုယ်စားဖြစ်စေ၊ မြန်မာနိုင်ငံကို အုပ်ချုပ်ခဲ့သည့် တရားဝင်အစိုးရကိုယ်စားဖြစ်စေ၊ မူလချုပ်ဆိုခဲ့သည့်အပိုင်စာချုပ်ကို၊ သို့တည်းမဟုတ် ထိုစာချုပ်၏ မိတ္တူကိုတွေ့ရှိနိုင်လျှင်၊ အပိုင်စာချုပ်တွင်၊ သို့တည်းမဟုတ် ထိုစာချုပ်၏မိတ္တူတွင် ဖော်ပြထားသည့်အဖိုးနှင့်ညီမျှသောငွေ။

(ဂ) အပိုင်စာချုပ်ဖြင့်အကျိုးခံစားခွင့်ရသည့်မြေဖြစ်၍ ထိုမြေအတွက်အီ (စ်) အိန္ဒိယကုမ္ပဏီ (East India Company) ၏ကိုယ်စားဖြစ်စေ၊ မြန်မာနိုင်ငံကို အုပ်ချုပ်ခဲ့သည့် တရားဝင်အစိုးရကိုယ်စားဖြစ်စေ၊ မူလချုပ်ဆိုခဲ့သည့် အပိုင်စာချုပ်ကို၊ သို့တည်းမဟုတ် ထိုစာချုပ်၏မိတ္တူကို မတွေ့ရှိနိုင်လျှင်၊ အပိုင်စာချုပ်ကို၊ သို့တည်းမဟုတ် ထိုစာချုပ်၏မိတ္တူကို တွေ့ရှိနိုင်သည့် မြေများအနက်၊ အနီးဆုံးမြေ၏ အပိုင်စာချုပ်အရ၊ သို့တည်းမဟုတ် ထိုစာချုပ်၏မိတ္တူအရ တန်ဖိုးနှုန်းဖြင့်တွက်၍ ကျသင့်သည့်တန်ဖိုးနှင့်ညီမျှသောငွေ။

(၆) ထိုမြေတွင်ပါအခြား မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ပုဒ်မခွဲ (၄) အရ နိုင်ငံပိုင် ပြုသည့်အခါ၊ ထိုပုဒ်မခွဲအရ အမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့ရှိ ထိုပစ္စည်း၏ကာလတန်ဖိုးနှင့်ညီမျှသောငွေကို လျော်ကြေးအဖြစ်ပေးရမည်။ ထိုကာလတန်ဖိုးကို မည်သို့ဆုံးဖြတ်ရမည်၊ မည်သူကလက်ဦးဆုံးဖြတ်ရမည်၊ ထိုဆုံးဖြတ်ချက်ကို မည်သူ့ထံတွင် အယူခံနိုင်သည် စသည့်ကိစ္စများအတွက်၊ နိုင်ငံတော်သမတသည် နည်းဥပဒေများပြုနိုင်သည်။

စည်းကမ်း ဥပဒေများ။

၂၉။ အဖွဲ့သည်၊ မိမိ၏တာဝန်ဝတ္တရားကို ဆောင်ရွက်ရန် အလို့ငှါ၊ ဤအက်ဥပဒေနှင့်ဖြစ်စေ၊ ပုဒ်မ ၁၀ အရပြုသည့်နည်းဥပဒေများနှင့်ဖြစ်စေ မဆန့်ကျင်စေဘဲ စည်းကမ်းဥပဒေများပြုနိုင်သည်။ ထို့ပြင် အဆိုပါအာဏာ၏ ယေဘုယျသဘောကိုမထိခိုက်စေဘဲ၊ ထိုစည်းကမ်းဥပဒေများသည် အထူးသဖြင့်အောက်ပါကိစ္စများအတွက်ပြဋ္ဌာန်းနိုင်သည်။

(က) အဖွဲ့၏ ရာထမ်းမှုထမ်းများ၏ တာဝန်ဝတ်တရား နှင့်အာဏာ။

(ခ) အဖွဲ့က မိမိ၏အာဏာကို၊ သို့တည်းမဟုတ် တာဝန်ဝတ်တရားကို အုပ်ချုပ်ရေးမှူး အား၊ သို့တည်းမဟုတ် ကော်မီတီ များအား အပ်နှင်းခြင်း။

(ဂ) အဖွဲ့ကိုယ်စား ပဋိညာဉ်များနှင့် အခြား စာချုပ် စာတမ်းများကို လက်မှတ်ရေးထိုးခြင်း။

(ဃ) ယေဘုယျအားဖြင့် အဖွဲ့အားအပ်နှင်းထားသော တာဝန်ဝတ်တရားကိုထိရောက်စွာဆောင်ရွက်ခြင်း။

## အခန်း ဂ။

### ငွေရေးကြေးရေးနှင့်ငွေစာရင်းများ။

ရုံပုံငွေ။

၃၀။ ။အဖွဲ့သည်၊ နိုင်ငံတော်ပြည်သူ့ဒိုးအိမ်မြှန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ ရုံပုံငွေဟုခေါ်တွင်သည့် ရုံပုံငွေတခုထားရှိ၍ အောက်ပါငွေကို ထိုရုံပုံငွေ၌ထည့်သွင်းရမည်—

(က) ဤအက်ဥပဒေအရ အဖွဲ့ကရရှိသောငွေ။

(ခ) မိမိ၏ အာဏာနှင့် တာဝန်ဝတ်တရားကို အဖွဲ့က သုံးစွဲဆောင်ရွက်နိုင်ရန်နိုင်ငံတော်သမတထံမှ ရရှိသောငွေ။

အဖွဲ့သို့ငွေထုတ်ပေးခြင်း။

၃၁။ ။ဤအက်ဥပဒေအရ အပ်နှင်းထားသော အာဏာနှင့် တာဝန်ဝတ်တရားကို အဖွဲ့ကသုံးစွဲဆောင်ရွက်နိုင်ရန်အလို့ငှါ၊ နိုင်ငံတော်သမတသည် မိမိသင့်သည်ထင်မြင်သည့် ငွေကို၊ မိမိသင့်သည်ထင်မြင်သည့် စည်းကမ်းချက်များဖြင့် အခွန်ငွေစာရင်းတွင်ထည့်သွင်း၍ဖြစ်စေ၊ မ-တည်ငွေစာရင်းတွင်ထည့်သွင်း၍ဖြစ်စေ အဖွဲ့သို့ထုတ်ပေးနိုင်သည်။

ပစ္စည်းလွှဲပြောင်းပေးခြင်း။

၃၂။ ။(၁) ရန်ကုန်စည်ပင်သာယာရေးအဖွဲ့ အက်ဥပဒေတွင်ဖြစ်စေ၊ အခြားတည်ဆဲ တရားဥပဒေများတွင်ဖြစ်စေ၊ မည်သို့ပင် ပါရှိစေကာမူ၊ ဤအက်ဥပဒေအရ အဖွဲ့ဖွဲ့စည်းသောအခါ၊ ယင်းသို့ဖွဲ့စည်းသော နေ့မှစ၍ရန်ကုန် စည်ပင်သာယာရေးအဖွဲ့၏ ရုံပုံငွေသည်၎င်း၊ ထိုအဖွဲ့ပိုင်ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း၊ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းအရပ်ရပ်နှင့် ကြွေးမြီအားလုံးသည်၎င်း၊ ဤအက်ဥပဒေအရ ဖွဲ့စည်းသောအဖွဲ့လက်သို့ရောက်၍ အဖွဲ့ပိုင်ဖြစ်လာရမည်။

သို့ရာတွင် ရန်ကုန် စည်ပင်သာယာရေးအဖွဲ့ အက်ဥပဒေပါ ကိစ္စများအလို့ငှါ၊ ရန်ကုန်စည်ပင်သာယာရေး အဖွဲ့အား၊ သို့တည်းမဟုတ် ထိုအဖွဲ့၏ အာဏာနှင့် တာဝန် ဝတ်တရားကို သုံးစွဲဆောင်ရွက်သော ပုဂ္ဂိုလ်များ၏အဖွဲ့အား၊ ဤအက်ဥပဒေအရ ဖွဲ့စည်းသောအဖွဲ့က မိမိလိုအပ်မည်ထင်မြင်သော ကြေးငွေကို၎င်း၊ ပစ္စည်းကြေးမြီတာဝန်ကို၎င်း၊ နိုင်ငံတော်သမတ၏ သဘောတူညီချက်ဖြင့်လွှဲပြောင်းပေးအပ်နိုင်သည်။

(၂) ဤအက်ဥပဒေတင်အာဏာတည်ပြီးသည့်နောက်၊ နိုင်ငံတော်သမတသည်၊အမိန့်ကြော်ငြာစာဖြင့် အစိုးရပိုင်အခြားမရွှေ့မပြောင်းနိုင်သည့် ပစ္စည်းကို အဖွဲ့အား ပေးအပ်နိုင်သည်။ အမိန့်ကြော်ငြာစာထုတ်ပြန်သည့်နေ့မှစ၍ ထိုပစ္စည်းသည် အဖွဲ့ပိုင်ဖြစ်ရမည်။

ဘဏ်တွင်ငွေအပ်ခြင်း။

၃၃။ ။(၁) အဖွဲ့သည်၊ ချက်ခြင်း အသုံးမလိုသည့် မိမိ၏ ငွေအားလုံးကို နိုင်ငံတော်အစိုးရ၏ ဘဏ္ဍာတော်ငွေထားရှိသောဘဏ်တွင်၊ သို့တည်းမဟုတ် ဘဏ်များတွင်ထားရမည်။

(၂) အဖွဲ့၏ရုံပုံငွေကိုအဖွဲ့ကပြုသည့်စည်းကမ်းဥပဒေများအရထုတ်ယူသုံးစွဲရမည်။

ငွေသုံးစွဲခြင်း။

၃၄။ ။အောက်ပါ ကိစ္စများအတွက် အဖွဲ့၏ ရုံပုံငွေကို အဖွဲ့ကသုံးစွဲရမည်။

(က) အဖွဲ့သို့ နိုင်ငံတော်သမတက ထုတ်ချေးထားသော ငွေနှင့် ဝပ်လျဉ်း၍အရင်းကို၊ သို့တည်းမဟုတ် အတိုးကိုပေးဆပ်ခြင်း။

(ခ) အဖွဲ့၏ ရာထမ်းမှုထမ်းတို့၏ လစာစရိတ်၊ အငြိမ်းစားရုံပုံငွေ စသည်တို့ပါဝင်သည့် အဖွဲ့၏ရုံးစရိတ်ကျခံခြင်း။

(ဂ) ဤအက်ဥပဒေပါကိစ္စများကို ဆောင်ရွက်ရန်အလို့ငှါ လိုအပ်သော အသုံးစရိတ်ကိုကျခံခြင်း။

**ရ သုံးမှန်းခြေငွေစာရင်း။**

၃၅။ ။(၁) အဖွဲ့သည်၊ ဘဏ္ဍာရေးနှစ် မကုန်ဆုံးမီ ကိုနှစ်နေ့ထက်လာမည့် ဘဏ္ဍာရေးနှစ်အတွက် မိမိ၏ ရ-သုံး မှန်းခြေငွေစာရင်းကို နိုင်ငံတော်သမတထံ သဘောတူညီချက်ရရန် တင်သွင်းရမည့်ပြင်၊ အဆိုပါ မှန်းခြေငွေစာရင်းကို ပြင်သည့်နောက်ထပ်မှန်းခြေ ငွေစာရင်းကိုလည်း အခါအားလျော်စွာထိုနည်းအတူတင်သွင်းရမည်၊

(၂) ပုဒ်မခွဲ (၁) အရခွင့်ပြုသည့်မှန်းခြေငွေစာရင်းထက်ပို၍ မည်သည့်အသုံးစရိတ်ကိုမျှ အဖွဲ့ကကျခံခြင်းမပြုရ။

(၃) ဤထက်ပါပြဋ္ဌာန်းချက်များအရ ခွင့်ပြုထားလျက် မသုံးစွဲရသေးသောငွေဖြင့်၊ သို့တည်းမဟုတ် ထိုငွေ၏ အချို့အစိတ်ဖြင့်ဆိုခဲ့သည့်မှန်းခြေငွေစာရင်းအရ ခွင့်ပြုထားသည့် အခြားအသုံးစရိတ် တခုခုအတွက်ခွင့်ပြုထားသည့် ငွေထက်ပို၍ သုံးစွဲပြီးသောငွေကို နိုင်ငံတော်သမတက ဤကိစ္စအတွက်ပေးသည့်ညွှန်ကြားချက်နှင့် မဆန့်ကျင်စေဘဲ၊ အဖွဲ့ကထေ၍ လွှဲပြောင်းသုံးစွဲနိုင်သည်။

**နှစ်ချုပ်ငွေစာရင်း။**

၃၆။ ။(၁) အဖွဲ့သည်၊ ငွေစာရင်းကိုင်ငွေ၊ ထိုငွေစာရင်းနှင့် သက်ဆိုင်သည့် အခြားမှတ်တမ်းကိုရင်း ထားရှိရမည့်ပြင်၊ အဖွဲ့၏ အလုပ်လုပ်သည့် နှစ်တိုင်း နှစ်ချုပ် ငွေစာရင်းကိုလည်း နိုင်ငံတော်သမတ၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်စာရင်းစစ်ချုပ် သတ်မှတ်သည့် ပုံစံအတိုင်း စီစဉ်ရေးသားရမည်။

(၂) အဖွဲ့၏ငွေစာရင်းကို နိုင်ငံတော်စာရင်းစစ်ချုပ်က စစ်ဆေးရမည်၊ ထိုငွေစာရင်းများနှင့် စပ်လျဉ်းသည့် နိုင်ငံတော်စာရင်းစစ်ချုပ်၏ အစီရင်ခံစာကို နိုင်ငံတော်သမတထံ တင်သွင်းရမည်။

**သီးသန့်ရံပုံငွေ။**

၃၇။ ။အဖွဲ့သည်၊ တန်ဘိုးယုတ်လျော့ခြင်းအတွက်ရင်း၊ သီးသန့်ရံပုံငွေနှင့် အခြားလိုအပ်သော ရံပုံငွေအတွက်ရင်း၊ နိုင်ငံတော်သမတက နိုင်ငံတော်စာရင်းစစ်ချုပ်နှင့် ညှိနှိုင်းတိုင်ပင်၍ သတ်မှတ်သည့်နှုန်းများနှင့် စည်းကမ်းချက်များအတိုင်း ရံပုံငွေစီမံထားရှိရမည်။

အခန်း ၉။

အထွေထွေ။

**အဖွဲ့ရာထမ်းမှုထမ်းများသည် ပြည်သူ့ဝန်ထမ်းများဖြစ်ခြင်း။**

၃၈။ ။အဖွဲ့၏ ရာထမ်းမှုထမ်းအားလုံးသည်၊ ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့် အညီဆောင်ရွက်သောအခါ၊ သို့တည်းမဟုတ် ဆောင်ရွက်သည့် သဘောသက်ရောက်သော အပြုအမူကိုပြုသောအခါ၊ ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းများဖြစ်သည်ဟုမှတ်ယူရမည်။

**ရဲအကူအညီ။**

၃၉။ ။(၁) ဤအက်ဥပဒေအရ ဆောင်ရွက်ရမည့်အလုပ် များကိုအဖွဲ့ကပြီးမြောက်အောင်ဆောင်ရွက်ရာတွင်၊ ရန်ကုန်မြို့ရဲမိုလ်ချုပ်သည်ရင်း၊ သက်ဆိုင်ရာခရိုင်ရဲမိုလ်မှူးသည်ရင်း၊ အဆိုပါပုဂ္ဂိုလ်တို့၏ လက်အောက်ရဲအမှုထမ်းများသည်ရင်း အဖွဲ့နှင့်ပူးပေါင်းဆောင်ရွက်ရမည်။

(၂) အဖွဲ့ကဖြစ်စေ၊ အဖွဲ့၏အုပ်ချုပ်ရေးမှူးကဖြစ်စေ၊ အဖွဲ့၏အခြားရာထမ်းမှုထမ်းကဖြစ်စေ၊ ဤအက်ဥပဒေအရသော်ရင်း၊ ဤအက်ဥပဒေအရပြုသည့်နည်းဥပဒေ၊ သို့တည်းမဟုတ် စည်းကမ်းဥပဒေအရသော်ရင်း၊ မိမိအားအပ်နှင်းထားသော အာဏာနှင့် တာဝန်ဝတ်တရားကို တရားဥပဒေနှင့်အညီ သုံးစွဲဆောင်ရွက်ရာတွင် သင့်တော်သောအကူအညီပေးရန် ရဲအမှုထမ်းများအား တောင်းဆိုလျှင်၊ ယင်းသို့တောင်းဆိုသည့်အတိုင်း ရဲအမှုထမ်းများက အကူအညီပေးရမည်။

**တရားစွဲဆိုခြင်း။**

၄၀။ ။ဤအက်ဥပဒေအရ သဘောရိုးဖြင့်ပြုသော၊ သို့တည်းမဟုတ် ပြုသည့်သဘောသက်ရောက်သော အပြုအမူတခုခုနှင့် စပ်လျဉ်း၍ အဖွဲ့ပေါ်တွင်ဖြစ်စေ၊ အဖွဲ့ဝင်တဦးဦးပေါ်တွင်ဖြစ်စေ၊ အဖွဲ့၏ ရာထမ်းမှုထမ်း တဦးဦးပေါ်တွင်ဖြစ်စေ၊ တရားမမှုသော်ရင်း ရာဇဝတ်မှုသော်ရင်း၊ အခြားတရားပျခင်းသော်ရင်းစွဲဆိုခြင်းမပြုရ။

သို့ရာတွင် ကူးသန်းရောင်းဝယ်ရေး ကုမ္ပဏီတခုက တရားမမှု စွဲဆိုနိုင်သကဲ့သို့၊ သို့တည်းမဟုတ် စွဲဆိုခံရထိုက်သကဲ့သို့၊ အလားတူအမှုများတွင် အလားတူနည်းလမ်းဖြင့် အဖွဲ့က၊ သို့တည်းမဟုတ် ဆိုခဲ့သည့် ပုဂ္ဂိုလ်ကဖြစ်စေ၊ အဖွဲ့ကိုသို့တည်းမဟုတ် ဆိုခဲ့သည့် ပုဂ္ဂိုလ်ကိုဖြစ်စေ၊ တရားမမှုစွဲဆိုခြင်းကို ဤပုဒ်မပါ မည်သည့်ပြဋ္ဌာန်းချက်ကမျှ ပိတ်ပင်ခြင်းမရှိစေရ။

၄၁။ ဤဥပဒေ အာဏာမတည်မီ ၁၉၅၁ ခုနှစ်၊ ဧပြီလ ၃၀ ရက် နေ့စွဲပါ အစိုးရအမိန့်ကြော်ငြာစာဖြင့် ဖွဲ့စည်းခဲ့သည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြည်သူ့လုပ်ငန်း၊ ပြန်လည်ထူထောင်ရေးနှင့် အလုပ်သမားဝန်ကြီးဌာနပြဋ္ဌာန်းချက်အရ ဖွဲ့စည်းထားသော ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးအဖွဲ့သည်၊ ဤအက်ဥပဒေအရ နည်းလမ်းတကျ ဖွဲ့စည်းထားသော အဖွဲ့ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်၍၊ ထိုအဖွဲ့၏ဆောင်ရွက်ပြီးသော အမှုကိစ္စအဝဝသည် ဤအက်ဥပဒေအရဆောင်ရွက်သည့် အမှုကိစ္စများ ဖြစ်သည်ဟုမှတ်ယူရမည်။

---

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

စဝ်ရွှေသိုက်၊
နိုင်ငံတော်ယာယီသမတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့ ၁၃၁၃ ခု၊ တန်းဆောင်မုန်းလဆုတ် ၁ ရက်။
(၁၉၅၁ ခု၊ နိုဝင်ဘာလ ၁၄ ရက်။)

အမိန့်အရ၊
ပါစိန်၊
နိုင်ငံတော်သမတအတွင်းဝန်။

[အမှတ် ၁၁၅]